## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

### နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောက်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆)
၁၃၅၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၇ ရက်
(၁၉၉၆ ခုနှစ်၊ ဇွန်လ ၇ ရက်)

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးမည့်အရေးအခင်းများ ပေါ်ပေါက်သည့်အခါတိုင်း တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ထိုနည်းတူ ၁၉၈၈ ခုနှစ်တွင်ပေါ်ပေါက်ခဲ့သော နိုင်ငံတော်ပြိုကွဲပျက်စီးစေမည့် အန္တရာယ်ကို အချိန်မီတားဆီးပြီး နိုင်ငံတော်တာဝန်ကိုယူခဲ့သည့် အချိန်မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(တပ်မတော်)သည် နိုင်ငံတော်တည်ငြိမ်ရေး ၊ရပ်ရွာအေးချမ်းရေး၊တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်တွင် စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးနိုင်ရေးကို ရှေးရှု၍ လိုအပ်သည့် အခြေခံအုတ်မြစ်များကိုလည်း ချမှတ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံရေးဦးတည်ချက်များ၊စီးပွားရေးဦးတည်ချက်များနှင့် လူမှုရေးဦးတည်ချက်များကို ချမှတ်လျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

တချိန်တည်းမှာပင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့် မူများကိုချမှတ်နိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးလျက် နိုင်ငံတဝန်းလုံးမှ ကိုယ်စားလှယ်ပေါင်းစုံ ကျယ်ပြန့်စွာပါဝင်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပေးလျက်ရှိပါသည်။

သို့ရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခြင်းကို မလိုလားသူများသည် ပြည်ပအားကိုးဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို နှောက်ယှက် ထိပါးစေမည့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန် နှောက်ယှက်ဖျက်ဆီးခြင်း၊အမျိုးသားညီလာခံကို သေးသိမ်စေရန်သော်လည်းကောင်း၊ပြည်သူများအထင်အမြင် လွဲမှားစေရန်သော်လည်းကောင်း၊ လှုံ့ဆော်ခြင်း၊ဟောပြောခြင်း၊ ပြေဆိုခြင်း၊ရေးသားဖြန့်ဝေခြင်း စသည့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ယင်းလုပ်ရပ်များသည် နိုင်ငံတော်တွင်စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းရေးကို ဟန့်တားနှောက်ယှက် ဆန့်ကျင်ရာရောက်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး၊ အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတိုကိုဟန့်တား နှောက်ယှက် ဆန့်ကျင်ခြင်းမှ အကာအကွယ်ပေးရန် လိုအပ်သဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို“နိုင်ငံတော်တာဝန်ကိုတည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းပေးရေးနှင့်အမျိုးသားညီလာခံလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှေက်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ ” ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က)“အမျိုးသားညီလာခံ”ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၂ ရက်စွဲပါအမိန့်အမှတ် ၁၃/၉၂ အရဖွဲ့စည်းထားသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ကျင်းပပေးလျက်ရှိသည့် အမျိုးသားညီလာခံကို ဆိုသည်။

(ခ )“အမျိုးသားညီလာခံ၏ လုပ်ငန်းများ”ဆိုသည်မှာ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုဆိုသည်။

(ဂ )“အဖွဲ့အစည်း”ဆိုသည်မှာ လူအများ စုပေါင်းပါဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်း၏ လက်အောက်ခံ အဖွဲ့အစည်းများကိုဆိုသည်။ယင်းစကားရပ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောနိုင်ငံရေးပါတီလည်းပါဝင်သည်။

## အခန်း(၂)
## တားမြစ်ချက်များ

၃။ မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ—

(က)နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ဆန္ဒပြခြင်း၊ဟောပြောခြင်း ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ)အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ဟောပြောခြင်း၊ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊သေးသိမ်စေရန်ဖြစ်စေ၊ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ နှောက်ယှက်ခြင်း၊ဖျက်ဆီးခြင်း၊ဟန့်တားခြင်း၊လှုံ့ဆော်ခြင်း၊ဟောပြောခြင်း၊ပြောဆိုခြင်းသို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ)တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲဖြန့်ဝေခြင်း၊

(င )အထက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ခြင်းသို့မဟုတ်အားပေးကူညီခြင်း။

## အခန်း(၃)
## ပြစ်ဒဏ်များ

၄။ မည်သူမဆိုပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး (၅)နှစ်မှ အများဆုံး(၂၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅။ ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊အဖွဲ့အစည်းတစ်ခုခု၏စီစဉ်ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊အားပေးကူညီမှုဖြင့်သော်လည်းကောင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းအဖွဲ့အစည်းကို—

(က)ကာလသတ်မှတ်၍ ရပ်ဆိုင်းထားနိုင်သည်။

(ခ)ဖျက်သိမ်းနိုင်သည် သို့မဟုတ်

(ဂ)မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ်ကြေညာနိုင်သည်။

၆။ ပုဒ်မ ၅ အရ အရေးယူခြင်းခံရသည့်အဖွဲ့အစည်းပိုင် ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း(၄)
## အထွေထွေ

၇။ ဤဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၈။ ဤဥပဒေပုဒ်မ ၅နှင့် ၆ အရ အရေးယူဆောင်ရွက်ခြင်းများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၉။ ဤဥပဒေအရ လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့